ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 29 June 2023 ၁၁၁၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။

# မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂၈

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ

ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူငွေများ ပေးအပ်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ခွန်အားဖြည့်စွမ်းပေး စာမျက်နှာ » ၉

မြေဆီစိုခိုက် သစ်ပင်စိုက်၊ စိမ်းလန်းသာယာ ပြည်မြန်မာ ဆောင်းပါး စာမျက်နှာ » ၁၀

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အလုပ်အကိုင် အခွင့်အလမ်း ၄၄၈၄ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့ စာမျက်နှာ » ၁၃

ကြေးမုံ

# မွန်မြတ်သည့်ငြိမ်းချမ်းရေးအမွေချန်ထားရစ်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီကာလမှစ၍ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ အစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်သည့် မငြိမ်းချမ်းသောအဖြစ်များ ကြုံတွေ့လျက်ရှိသည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ မငြိမ်းချမ်းသည့်အကျိုးရလဒ်များကို တိုင်းရင်းသားပြည်သူများ ကြုံတွေ့ခံစားကြသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ခဲ့သည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှာ အလှမ်းဝေးလျက်ရှိသည်။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ဆက်စပ်လျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမရှိသောဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်ပေ။ သာယာလှပသည့် တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းနေပါမှ တိုင်းရင်းသားပြည်သူအားလုံး တန်းတူညီမျှဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မငြိမ်းချမ်းသောအခြေအနေများ အဆုံးသတ်နိုင်ရန် ခေတ်အဆက်ဆက်အစိုးရများက ငြိမ်းချမ်းရေးကို အလေးထားဖော်ဆောင်ခဲ့သော်လည်း ယနေ့ထက်တိုင်အောင် အလုံးစုံအောင်မြင်မှု မရရှိသေးပေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူခဲ့ရသည့်ကာလအတွင်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထိုသို့ဖိတ်ခေါ်ခဲ့သည့်အတွက် NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့်အဖွဲ့ သုံးဖွဲ့တို့နှင့် ဆွေးနွေးနိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့တို့၏ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာဖြင့် လျှောက်လှမ်းနိုင်မည့်ရလဒ်ကောင်းများ ရရှိနေပြီဖြစ်သည်။ ဆက်လက်၍ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ ရောက်ရှိလာခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းတို့ကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ မြန်မာနိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ တိုင်းရင်းသားပြည်သူများ လိုလားမျှော်လင့်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်သည်။

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာအောင် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကာ တိုင်းရင်းသားပြည်သူအားလုံးပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မှသာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တည်ဆောက်နိုင်မည်ဖြစ်သည်။ တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့၏ သဘောထားဆန္ဒများနှင့် မကိုက်ညီသူကို ရန်သူကဲ့သို့ သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုမရှိဘဲ အကြမ်းဖက်လက်နက်ကိုင်ဝါဒဖြစ်နေသည်ကို သတိမူရမည်ဖြစ်သည်။ ထို့ပြင် ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ကို အန္တရာယ်ကျရောက်စေနိုင်သည်။ ထို့ကြောင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်နိုင်ရေးကို အလေးထားစဉ်းစားကြရမည်ဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို လျှောက်လှမ်းနေခြင်းသည် မိမိတို့တစ်စုတစ်ဖွဲ့အကျိုးလော၊ တိုင်းရင်းသားပြည်သူအားလုံးအတွက် အကျိုးလောဟူ၍ ခွဲခြားဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် “NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည်ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်”ဟု ဖော်ပြပါရှိသည်။

လက်နက်ကိုင်နည်းလမ်းသည် မွန်မြတ်သည့်ရည်မှန်းချက်သို့ မရောက်နိုင်သည်ကို တစ်ကမ္ဘာလုံးသိရှိကြသည့်အပြင် နှစ်ပေါင်း ၇၀ ကျော်ကြာလာပြီဖြစ်သည့် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများက လက်တွေ့သက်သေပြလျက်ရှိသည်။ တိုတောင်းလှသော လူ့ဘဝတစ်ခဏခံယူချက်ထက် နောင်လာနောက်သားမျိုးဆက်များအတွက် ငြိမ်းချမ်းသောအမွေအနှစ်ကို ချန်ထားခဲ့ခြင်းဖြင့် မှတ်ကျောက်တင်နိုင်ရန်၊ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်နေကြသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အလျင်အမြန်ပါဝင်ကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## အင်းစိန်မြို့နယ်၌ ခရိုင်အဆင့်ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပ




**အင်းစိန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မြောက်ပိုင်းဇုန်) မြို့နယ်ပေါင်းစုံ ဓမ္မစကြာနှင့်အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ယှဉ်ပြိုင်မှုကို ခရိုင်အဆင့်ပြိုင်ပွဲအဖြစ် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ရှိ အင်းစိန်မြို့နယ်ခန်းမတွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ကို မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့မှ ကိုယ်စားပြုအသင်းများက အလွတ်ရွတ်ဆိုပူဇော်ယှဉ်ပြိုင်ကြရာ အင်းစိန်မြို့နယ်မှ ပထမ၊ မင်္ဂလာဒုံမြို့နယ်မှ ဒုတိယနှင့် လှည်းကူးမြို့နယ်မှ တတိယရရှိခဲ့ကြောင်းသိရသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ဓမ္မစကြာနှင့်အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်မှုပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ဒိုင်လူကြီး ငါးဦးတို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် ပထမဆုရရှိခဲ့သည့် အင်းစိန်မြို့နယ် ကိုယ်စားပြုအသင်းကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တွံ့တေးမြို့နယ် ရွှေကသစ်ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**တွံ့တေး ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တွံ့တေးမြို့နယ် ရွှေကသစ်ချောင်း သဘာဝရေပြင်အတွင်းသို့




ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ရွှေကသစ်ချောင်းအတွင်း၌ ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေ၊ တွံ့တေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွဋ်၊ တွံ့တေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်နှင့်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ ကို ရွှေကသစ်ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင် ၁၅၀၊ ပိတောက်ပင် ၁၅၀၊ ယူကလစ်ပင် ၁၅၀ စုစုပေါင်း အပင် ၄၅၀ ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၃,၀၀၂ | ၈,၅၅၅,၇၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၆၆ | ၄၇၅,၂၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၉,၀၄၀ | ၁၃,၅၅၈,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၂၀၃ | ၄၉၇,၃၅၀ |
| EFR | ၂,၄၀၀ | ၂,၄၀၀ | ၅၀ | ၁၂၀,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသည့် ဧည့်ပရိသတ်များက သာသနဒ္ဓဇမာန်အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးအတွင်းရှိ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ် ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်စဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။

❂ ရွှေဖုံးမှ

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့ တည်ဆောက်လှူဒါန်းသည့် မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကို ဦးစွာကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့ လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။

ဆက်လက်၍ ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် "ဇယန္တော ဗောဓိယာ မူလေ" အစချီ ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြို အမျှပေးဝေကြသည်။

ယင်းနောက် အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့ လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက မာရဝိဇယဗုဒ္ဓပူဇာဝန္ဒနာပကာမ အာသီသဂါထာနှင့် မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား သာသနဒ္ဓဇမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။ **စာမျက်နှာ ၄ သို့** ❂



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သာသနဒ္ဓဇမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးအတွင်းရှိ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်ပက်ဖျန်း ပူဇော်စဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်ကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနဒ္ဓဇမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးကို တွေ့ရစဉ်။

✪ စာမျက်နှာ ၃ မှ

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့်ပက်ဖျန်း ပူဇော်ကြသည်။ ထို့နောက် "ဇယန္တော ဗောဓိယာမူလေ" အစရှိ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြသည်။

ထို့နောက် "ဗုဒ္ဓသာသနံ စိရတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

ဆောင်ရွက်ရေးကိစ္စများကို စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ဇွန် ၂၆ ရက်တွင် ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးတို့သည် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်မြှင့် ပူပေါင်းဆောင်ရွက်ရေး၊ မြန်မာ- ရုရှား နှစ်နိုင်ငံသည် အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံများဖြစ်သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay Listopadov အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနဧည့်ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO) ၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှစစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်သူ ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်း ခရီးစဉ် တိုးချဲ့ပျံသန်းရေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အမှန်တကယ် ဆန်ရိက္ခာလိုအပ်နေသော ပြည်သူများထံ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးသည့် APTERR အစီအစဉ်သည် မုန်တိုင်းဒဏ်သင့်ပြည်သူများအပေါ် တိုက်ရိုက်အကျိုးပြုသည့် အစီအစဉ်ဖြစ်

**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်း အမွေအနှစ်များနှင့် ပြကွင်းပြကွက်များကို လှည့်လည် ကြည့်ရှုလေ့လာသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ဂြိစ်ဘက်ကျောင်းတိုက်နှင့် တန်ခိုးကျောင်းတိုက်တို့သို့ ရောက်ရှိကြပြီး ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ASEAN+3 အရေးပေါ် အရန်ဆန်ရိက္ခာ APTERR Tier Programme 3 အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းသော ဆန်ရိက္ခာ ၅၅၄ တန်နှင့် ဂျပန်နိုင်ငံက လှူဒါန်းသော အသင့်စားဆန်ထုပ် ၂၀၀၀၀ ကို မိုခါ မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန မှတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်း ပေးအပ်ခြင်းအခမ်းအနားကို တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် အတွင်းရှိမြို့နယ် ၁၇ မြို့နယ်ကို နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီက သဘာဝဘေးသင့်ဒေသအဖြစ်ကြေညာ ခဲ့ကြောင်း၊ ASEAN +3 အရေးပေါ်ဆန် ရိက္ခာသည် အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်း ၃ နိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်၍ အရေးပေါ်အခြေအနေတွင် လိုအပ်သော ဒေသများသို့ အရန်ဆန်များ ထောက်ပံ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက် လျက်ရှိသော အစီအစဉ်ဖြစ်ကြောင်း၊ အမှန်တကယ် ဆန်ရိက္ခာလိုအပ်နေသော ပြည်သူများထံသို့ အတိုင်းအတာတစ်ခုအထိ ထောက်ပံ့ဖြန့်ဝေနိုင်အောင် ဖြည့်ဆည်းပေးသည့် အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်အရန်ရိက္ခာ(APTERR)အစီအစဉ်သည် မုန်တိုင်း ဒဏ်သင့် ပြည်သူများအပေါ် တိုက်ရိုက်အကျိုးပြု သည့် အစီအစဉ်လည်းဖြစ်ကြောင်း၊ အဆိုပါ လှူဒါန်း ဆန်များကို သက်ဆိုင်ရာပြည်သူများထံ ထိထိရောက် ရောက်ထောက်ပံ့နိုင်ရေး ကူညီဆောင်ရွက်ပေးကြ သည့် APTERR အတွင်းရေးမှူးရုံးမှ အဖွဲ့ဝင်များ၊ အလှူရှင်နိုင်ငံများဖြစ်သော ဂျပန်နိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံတို့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက် ခဲ့ကြသည့် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူး တင်ရှိကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသပညာရှင်များအစည်းအရုံးနှင့် Old Star အဖွဲ့တို့မှ တာဝန်ရှိသူများ လှူဒါန်းငွေကျပ် ၁၃၂၂ သိန်း ပေးအပ်လှူဒါန်းစဉ်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ လှူဒါန်းဆန်များ လွှဲပြောင်းပေးအပ်စဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က အမှာ စကားများ ပြောကြားကြပြီး APTERR အတွင်းရေးမှူး Dr.Choomjet Karnjanakesorn က လှူဒါန်းရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးဒေါက်တာအောင်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လှူဒါန်းဆန်များကို လွှဲပြောင်း ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က APTERR အတွင်း ရေးမှူးထံ ကျေးဇူးတင်လွှာပေးအပ်၍ ပြည်ထောင်စု ဝန်ကြီးက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် စစ်တွေမြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)နှင့် ဟာသပညာရှင်များ အစည်းအရုံးတို့၏ ဖျော်ဖြေပွဲသို့ရောက်ရှိပြီး အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ သဘင်ပညာရှင် များနှင့် ဟာသပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် စစ်တွေဟိုတယ်၌ ကျင်းပသည့် ရခိုင်ပြည်နယ် အတွင်း မုန်တိုင်းသင့်ပြည်သူများအတွက် မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသပညာရှင်များ အစည်းအရုံးနှင့် Old Star အဖွဲ့က အလှူငွေ ပေးအပ် ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး က ကျေးဇူးတင် နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း က အလှူငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတ အစည်းအရုံး(ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသ ပညာရှင်များအစည်းအရုံးနှင့် Old Star အဖွဲ့တို့မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးထံ လှူဒါန်း ငွေကျပ် ၁၃၂၂ သိန်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြပြီး မိုခါရန်ပုံငွေ ဘောလုံးအသင်း တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်ထံ အလှူ ငွေကျပ် သိန်း ၇၅၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း က အလှူငွေများ ပေးအပ်ခြင်းနှင့် ဖျော်ဖြေမှုအစီ အစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သော Double Win Entertainment Co.,Ltd ဒါရိုက်တာ ဦးကြည်ဝင်းထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး (ဗဟို)၊ သဘင်အစည်းအရုံး(ဗဟို)၊ ဟာသပညာရှင် များအစည်းအရုံးနှင့် Old Star အဖွဲ့တို့အား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝ ဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ အလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်း များနှင့် စပ်လျဉ်းသည့် အစည်းအဝေးဆုံးဖြတ်ချက် များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြ ချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှေမိုင်းစိတ်မြေဩဇာစက်ရုံဖွင့်ပွဲ တက်ရောက် ဆိုက်ခေါင်နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ



ရွှေမိုင်းစိတ်မြေဩဇာစက်ရုံဖွင့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်း၊ သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဆိုက်ခေါင် ဇွန် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွှေမိုင်းစိတ်မြေဩဇာစက်ရုံဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဆိုက်ခေါင်-မောက်မယ်သွား ကားလမ်းဘေး ဆိုက်ခေါင်ကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင် တက်ရောက်ဖွင့်လှစ်ပေးသည်။

စက်ရုံဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရွှေမိုင်းစိတ်မြေဩဇာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမြင့်အောင်သိန်းနှင့် ဦးကျော်ကိုထိုက်တို့က စက်ရုံဖွင့်လှစ်ရခြင်းအကြောင်းအရင်းနှင့် ကျေးဇူးတင်စကားပြောကြားကာ ရွှေမိုင်းစိတ်မြေဩဇာကုမ္ပဏီလီမိတက်၏ နည်းပညာအကြံပေး စိုက်ပျိုးရေးပညာရှင် ဦးသက်ဦး(BAg)က အပင်များအတွက် အကျိုးပြုမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြေဩဇာစက်ရုံအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်း၊ သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ရွှေမိုင်းစိတ်မြေဩဇာစက်ရုံမှ သဘာဝဂျစ်ဆမ်မြေဩဇာ၊ သဘာဝဒိုလိုမိုက်မြေပြင် မြေဩဇာများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်နှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ကျောင်းအုပ် ဦးခွန်အောင်မှန်က ကျောင်းနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်း၊ သက်မွေးပညာသင်တန်း ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက အိမ်တွင်းမှုနှင့် သက်မွေးသင်တန်းကျောင်း အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်က ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းကမ်းရှိစွာ ကြိုးစားသင်ယူပေးကြရန်နှင့် မိမိတို့ရှေ့ဆောင်လမ်းပြကောင်းမှ နောင်လာမည့် မျိုးဆက်သစ်များအတွက် လမ်းပြကောင်းမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများကို ရင်ဝယ်သားသဖွယ် စေတနာကောင်းဖြင့် မွေးထုတ်သင်ကြားပေးရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်း၊ သက်မွေးပညာသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အိပ်ဆောင်များ၊ စိုက်ပျိုးရေးခြံ၊ ရေသန့်စက်ရုံ၊ စာကြည့်တိုက်၊ စတိုဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ ရွှေမိုင်းစိတ်မြေဩဇာစက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ ဆိုက်ခေါင်နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း စားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

# ညောင်တုန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



ညောင်တုန်း ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဆားမလောက်ကျေးရွာ ကွင်းအမှတ်(၃၈၂)၊ ဦးပိုင်အမှတ်(၁၅၄/၁)ရှိ တောင်သူဦးကျင်လှိုင်နှင့် တောင်သူခြောက်ဦးတို့၏ လယ်မြေဧက ၅၀ ၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားပြီး တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲအား ကြည့်ရှုအားပေးခဲ့သည်။ **မြို့နယ်(ပြန်ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာ နီကိုလိုင်း လစ်စတိုပါဒေါ့ဗ်အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုရှား သံအမတ်ကြီး၏ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် နိုင်ရေး ကြိုးပမ်းအားထုတ်မှုများအတွက် ဝဏ္ဏကျော် ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရမှုအပေါ် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး ပြည်ထောင်စု ဝန်ကြီးနှင့် ရုရှားသံအမတ်ကြီးတို့သည် နှစ်နိုင်ငံ အကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင် ရွက်မှု တိုးတက်ဖွံ့ဖြိုးရေးကိစ္စများအပေါ် ပြန်လည် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr.Nikolay Listopadov အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၈

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Dr.Nikolay Listopadov အား ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနဧည့်ခန်းမ၌လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ ကောင်းမွန်သည့် ဆက်ဆံရေးထူထောင်နိုင်မှု၊ ရုရှား-မြန်မာဆက်ဆံ ရေးကဏ္ဍတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံး နှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ပိုမိုနီးကပ် စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို လက်မှတ် ရေးထိုးနိုင်ခဲ့မှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန တို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် လက်မှတ်ရေး ထိုးခဲ့သည့် စာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှု များကို အကောင်အထည်ဖော်ဆောင်နေမှု၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရေး၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအနေဖြင့်လည်း ဥပဒေရေးရာဝန်ကြီးဌာနနှင့် သင်တန်းကျောင်း ဆိုင်ရာကိစ္စရပ်များနှင့် အကြမ်းဖက်မှုနှိမ်နင်းခြင်း ဆိုင်ရာကိစ္စရပ်များ ဆက်လက်ပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီသီမြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များဖြစ် ကြသော ဒေါက်တာဆွေဆွေအောင်၊ ဒေါက်တာ သီတာစန်းနှင့် ဒေါ်ယုယုခင်တို့ တက်ရောက်ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၈

လျှပ်စစ်စွမ်းအား ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် နှင့် သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော် ပိုရေးရှင်း (Russian State Atomic Energy Cooperation “Rosa – tom”) မှ ဒုတိယညွှန်ကြားရေး မှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ယနေ့တွင် ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်၌ လက်ခံတွေ့ဆုံသည်။

**ပေးအပ်**

တွေ့ဆုံစဉ် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ Rosatom တို့ လက်မှတ် ရေးထိုးခဲ့သည့် နားလည်မှုစာချွန် လွှာအရ ဆောင်ရွက်ခဲ့သော အပု စွမ်းအင်သုံးဓာတ်အားပေး စက်ရုံ စီမံကိန်းအကြို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု အစီရင်ခံစာကို Rosatom မှ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ ပေးအပ်သည်။

ထို့ပြင် နျူကလီးယားအခြေခံ အဆောက်အအုံ အကဲဖြတ်ခြင်း နှင့် မြှင့်တင်ခြင်းကဏ္ဍအတွက် နားလည်မှုစာချွန်လွှာ (Memora–ndum of Understanding in the field of Nuclear Infrastructure assemment and enhancement) ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နှင့် Rosatom တို့အကြား လက်မှတ် ရေးထိုးကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက Rosatom မှ တာဝန်ရှိ သူများနှင့် ထပ်မံတွေ့ဆုံ၍ ရေအား၊ လေအားနှင့် အပုစွမ်းအင် သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး သည်။

ထိုသို့ဆွေးနွေးစဉ် ပြည်ထောင်စု ဝန်ကြီးက အပုစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက် နိုင်ရေးအတွက် နားလည်မှုစာချွန် လွှာ (MoU) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လက်မှတ်ရေးထိုး ခဲ့ပြီး အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု အစီရင်ခံစာ သတ်မှတ်ကာလအတွင်း ပြီးစီး အောင်ဆောင်ရွက်နိုင်မှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လမ်းပြ မြေပုံ (Road Map) ပါ ဖော်ပြ ချက်များအတိုင်း ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို ပြီးမြောက်အောင်မြင် အောင် ဆောင်ရွက်နိုင်မည်ကို ယုံကြည်ကြောင်း၊ လျှပ်စစ်ကဏ္ဍ အတွက် ရုရှား-မြန်မာ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန် စိန့်ပီတာ စဘတ်၌ ကျင်းပခဲ့သော အပြည် ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်အတွင်း ဇွန် ၁၅ ရက်က လေအားလျှပ်စစ် စီမံကိန်းများအတွက် နားလည်မှု စာချွန်လွှာများ ရေးထိုးနိုင်ခဲ့ ကြောင်း၊ ထို့ပြင် ရေအားလျှပ်စစ် နှင့် အခြားအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင် ရေးအတွက် နည်းပညာအကူ အညီများရရှိနိုင်ရေးကို ကူညီပံ့ပိုး ဆောင်ရွက်သွားမည် ဖြစ်သဖြင့် မြန်မာပြည်သူလူထု၏ လိုအပ် ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် Rosatom မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင် ရေးအတွက် ပူးပေါင်းဆောင်ရွက် ခွင့်ရရှိသဖြင့် ဂုဏ်ယူမိကြောင်း၊ ဆက်လက်၍ အပုစွမ်းအင်သုံး စီမံကိန်းများနှင့် အခြားစီမံကိန်း လုပ်ငန်းများအတွက် Rosatom မှ ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား မှုရှိကြောင်း၊ MoU ရေးထိုးပြီးသော လေအားလျှပ်စစ် စီမံကိန်းများ အတွက် စီမံကိန်းဖြစ်မြောက်နိုင် စွမ်း လေ့လာခြင်းလုပ်ငန်းကိုတတ် နိုင်သမျှ ပူးပေါင်းကူညီဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အလား အလာကောင်းများစွာ ပိုင်ဆိုင် သည့် မြန်မာနိုင်ငံတွင် Rosatom ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင် ဆောင်ရွက်ပေးသွားမည် ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် Rosatom မှတာဝန် ရှိသူများက Power Point ဖြင့် စီမံ ကိန်းလုပ်ငန်းများအတွက်ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး က သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးသည်။

ညပိုင်းတွင် Rosatom မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဆောင် သော ကိုယ်စားလှယ်အဖွဲ့သည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တည်ခင်းဧည့်ခံသော ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့ ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့ ပြန်ကြားရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ငါးမျိုးများစိုက်ထည့်ပေးကြစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  ဇွန်  ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း၌ ကျင်းပသည်။

**ပျိုးပင်များပေးအပ်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဌာနဆိုင်ရာများအလိုက် စိုက်ပျိုးရန်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဦးစီးအရာရှိ ဦးမြင့်လှိုင်က လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးတို့က ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ကွင်းရှိ သတ်မှတ်နေရာတွင် ကံ့ကော်ပင်နှင့် ခရေပင်တို့ကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကျွန်း၊ မဟော်ဂနီ၊ ခရေနှင့် သစ်ပိတောက်ပင်များကို သတ်မှတ်နေရာများတွင် ဆက်လက်၍ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့်အဖွဲ့သည် ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ငါးကန်အမှတ်(၁)တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ငါးမျိုးများကို ဦးစွာစိုက်ထည့်ပေးကြပြီး ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၏ ငါးမျိုးစိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ဆိတ်ကောင်ရေ ၁၈၀ မွေးမြူထားရှိမှုနှင့် ၂၀၂၃ ခုနှစ် မိုးရာသီသရက်စိုက်ကွင်းတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ပျိုးပင်ပေါင်း ၁၄၀၀ နှင့် စိန်တလုံးသရက်ပျိုးပင် ၆၂၅ ပင် စုစုပေါင်း ၂၀၂၅ ပင် စိုက်ပျိုးခဲ့ပြီး ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ အစည်းအဝေးခန်းမ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သောပစ္စည်းများ တင်ဒါတင်သွင်းရန် အောင်မြင်ခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပစ္စည်းအမျိုးအစားများအလိုက် အရည်အသွေး မှန်ကန်ကောင်းမွန်စေရေးနှင့် အချိန်မီတင်သွင်းနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၃ ကျင်းပ




**ရန်ကုန်  ဇွန်  ၂၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM"နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ROSATOM မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သိပ္ပံပွဲတော် ကျင်းပခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသည့် လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်းနှင့် မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ROSATOM မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များမှ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပြခန်းများနှင့် ပညာရေးဝန်ကြီးဌာန၏ ရွှေ့လျားသိပ္ပံပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့တွင် ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် နျူကလီးယားနည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ ကျင်းပပေးပြီး ဆုများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူ လူငယ်ပညာရှင်များပါဝင်သည့် အဖွဲ့လိုက်ပြိုင်ပွဲ၊ အဖွဲ့လိုက်သရုပ်ပြပြိုင်ပွဲများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်အတွင်း လေ့လာရေးအစီအစဉ်များ၊ အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများက နျူကလီးယားစွမ်းအင်နှင့် ဆက်စပ်သိပ္ပံခေါင်းစဉ်များအလိုက် ဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများက ပြန်လှန်မေးမြန်းဆွေးနွေးခြင်းများ၊ မီဒီယာများအတွက် နျူကလီးယားဆိုင်ရာ အသိပညာများမျှဝေခြင်း အစီအစဉ်များ ပါဝင်သည်။

ယနေ့ သိပ္ပံပွဲတော်ကျင်းပစဉ်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ROSATOM ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ နိုင်ငံတော်အတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့် နျူကလီးယားနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲညှိနှိုင်းကော်မတီဆွေးနွေးပွဲကို ကျင်းပရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ စုံလင်စွာ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူငွေများပေးအပ်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စိတ်ခွန်အားဖြည့်စွမ်းပေး




**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အနုပညာရှင်များ စုပေါင်းအားဖြင့် ရန်ပုံငွေအလှူပေးအပ်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြိုဆို**

ဦးစွာ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင်များနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများသည် စစ်တွေမြို့ လေဆိပ်သို့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ခိုင်သဇင်ပန်းခြံ မြို့နယ်ခန်းမ၌ မိုခါမုန်တိုင်းဒဏ်သင့်ဒေသတို့တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှေ့တန်းမှ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား အနုပညာရှင်များက မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးဂီတတို့ဖြင့် ဖျော်ဖြေရာ ပရိသတ် ၁၆၀၀ ကျော်က အားပါးတရ ကြည့်ရှုအားပေးကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် အနုပညာရှင်များအဖွဲ့သည် စစ်တွေဟိုတယ်၌ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင်များနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများက အလှူငွေများ လှူဒါန်းကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ သဘင်အစည်းအရုံး(ဗဟို) နာယက ဦးချမ်းသာတို့က ငွေကျပ် ၁၃၂၂ သိန်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ မိုခါရန်ပုံငွေဘောလုံး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦး၊ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်း၊ မိုးယံဇွန်၊ အစ္စဏီ၊ နက္ခတ်တို့က ကျပ်သိန်း ၇၅၀ ကိုလည်းကောင်း၊ သိန်း ၄၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မုဒိတာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အနုပညာရှင်များအဖွဲ့သည် စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်တွင် မြို့ခံပြည်သူများနှင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေကြရာ ပြည်သူများ စိတ်ခွန်အား လန်းဆန်းတက်ကြွစွာဖြင့် သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အနုပညာရှင်များအဖွဲ့သည် စစ်တွေမြို့ အုန်းတစ်ပင်ရပ်ကွက်၊ ဦးအောင်ဇံဝေလမ်း၌ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူ ၂၀၀၀ ခန့်အား စားသောက်ကုန်ပစ္စည်းများကို လက်ရောက်လှူဒါန်းကြရာ ပြည်သူချစ်သော အနုပညာရှင်များကို တွေ့မြင်ရသည့် ဒေသခံတို့သည် မေ့ပန်းမှုများ ပြေပျောက်ကာ စိတ်ခွန်အားများ ရရှိခဲ့ကြသည်။

**စိတ်ခွန်အားသစ်များရရှိ**

ပြည်သူချစ်သော အနုပညာရှင်များသည် ကျေးဇူးရှင် ပြည်သူပရိသတ်တို့၏ အားပေးမှုအပေါ် တုံ့ပြန်သောအားဖြင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့ရချိန်တိုင်း အားပေးကူညီထောက်ပံ့မှု၊ လှူဒါန်းမှုနှင့် ဖျော်ဖြေမှုများဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိစေရန် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့်နည်းတူ ယခု မိုခါမုန်တိုင်းအန္တရာယ်ကြုံတွေ့ပြီး ထိခိုက်ခံစားကြရသည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက်လည်း အားပေးကူညီ ထောက်ပံ့လှူဒါန်းမှုနှင့် ဖျော်ဖြေမှုများကို စေတနာအလျောက် စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကြောင့် ယင်းဒေသရှိ မိဘပြည်သူများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် နေ့စဉ်ရက်ဆက် ပါဝင်ဆောင်ရွက်ပေးကြသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အခြားဆက်စပ်ဝန်ထမ်းများလည်း ဖျော်ဖြေရေးအစီအစဉ်များတွင် ပျော်ရွှင်စွာ ပါဝင်သီဆိုကခုန်ကြပြီး စိတ်ခွန်အားသစ်များ ရရှိကြသဖြင့် ထိရောက်မှုရှိသော အစီအစဉ်တစ်ခု ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေထောက်ပံ့မှုနှင့် ဖျော်ဖြေရေးအစီအစဉ်များ ကူညီအားဖြည့်ခဲ့ကြသည့် အနုပညာရှင်များအဖွဲ့သည် ယနေ့ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# သဘာဝဘေးကျရောက်သောဒေသများတွင် တပ်မတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၈**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဒိုးသောင်ကျေးရွာနှင့် ဇော်ပုဂျာကျေးရွာတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမဘေး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကကျက်ဘက်ကျေးရွာရှိ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများနှင့် ဒေသခံပြည်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြေဆီစိုခိုက် သစ်ပင်စိုက်၊ စိမ်းလန်းသာယာ ပြည်မြန်မာ

**သစ်တောမောင်**



### ဥတုရာသီ၊ တောကိုမှီ

"ဥတုရာသီ၊ တောကိုမှီ" ဆိုသည့်အတိုင်း နေ့စဉ်မိုးလေဝသအခြေအနေများ၊ နှစ်အလိုက်ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုအခြေအနေများသည် သစ်တော၊ သစ်ပင်များအပေါ် များစွာမှီတည်လျက်ရှိသည်။ ကမ္ဘာ့လေထုကို ပူနွေးစေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုသစ်တောသစ်ပင်များက စုပ်ယူဖယ်ရှားပေးပြီး ရာသီဥတုမျှတကောင်းမွန်လာစေရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ငြိမ်စေရေးကို အထောက်အကူပြုလျက်ရှိသဖြင့် **"ဥတုရာသီ၊ တောကိုမှီ"** ဟု ဆိုခြင်းဖြစ်သည်။ သစ်ပင်သစ်တောများ တိုးပွားလာသည်နှင့်အမျှ မိုးလေဝသမှန်ကန်ပြီး ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလွန်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

### စိုက်ပျိုးလိုလျှင် ကြိုတင်ပြင်

စိုက်ပျိုးသော သစ်ပင်တစ်ပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းစေရန် အချိန်ယူ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရသည်။ စိုက်ပင်အရေအတွက် အနည်းအများပေါ်မူတည်ပြီး ကြိုတင်ပြင်ဆင်မှုကာလနှင့် လုပ်ငန်းပမာဏအနည်းအများသာ ကွာခြားသည်။ မိုးဦးကျ၍ မြေဆီအစိုဓာတ်ရရှိသည်နှင့် တစ်ပြိုင်တည်း အချိန်ကိုက်စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဝီရိယထား ပြင်ဆင်ဆောင်ရွက်ကြရသည်။ စိုက်ပျိုးမည့် သစ်တောစိုက်ခင်းဧရိယာပမာဏ၊ အပင်အရေအတွက်တို့အပေါ်မူတည်ပြီး ဒေသအလိုက် စိုက်ပျိုးမည့် မြေနေရာရွေးချယ်ခြင်း၊ မြေရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်း၊ ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ မြေဆီစုဆောင်းခြင်း၊ မျိုးရိုးဗီဇကောင်းမွန်သော သစ်စေ့များစုဆောင်းခြင်း၊ ကျန်းမာကြံ့ခိုင်သော ပျိုးပင်များ လုံလောက်စွာရရှိစေရန် ပြုစုပျိုးထောင်ထားခြင်း၊ ပျိုးဥယျာဉ်နှင့် စိုက်ပျိုးမည့်နေရာ အကွာအဝေးပေါ်မူတည်၍ ပျိုးပင်များ အချိန်ကိုက်သယ်ဆောင်ရန် ပြင်ဆင်ထားရှိခြင်း စသည့် လုပ်ငန်းအဆင့်အဆင့်ကို ဆောင်ရွက်ထားရှိရသည်။

### မြေဆီစိုခိုက် သစ်ပင်စိုက်

မိုးကြိုကာလများတွင် နေရာဒေသအလိုက် သစ်ပင်များ စိုက်ပျိုးကြသလို မိုးတွင်းကာလ ဇွန်လနှင့် ဇူလိုင်လတို့၌ မြေဆီအစိုဓာတ်ရရှိသော အချိန်ကာလတွင် အင်နှင့်အားနှင့် သစ်ပင်များ စိုက်ပျိုးကြရသည်။ ယခုလို မိုးလရာသီရောက်၍ မြေဆီစိုသည်နှင့် သစ်ပင်များကို ဒေသအသီးသီးတွင် ပုံစံမျိုးစုံဖြင့် သစ်ပင်များ စိုက်ပျိုးကြသည်။ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကဲ့သို့ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကတာဝန်ယူ ဆောင်ရွက်နေရသော ဌာနများအနေဖြင့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများ နှစ်စဉ်လျာထားချက်များ ပြည့်မီရေးအတွက် မိုးလရာသီကို အားကိုးပြုကာ မြေအစိုဓာတ်ကောင်းစွာရရှိသော အချိန်တွင် စိုက်ပျိုးကြရသည်။

သစ်ပင်သစ်တောများ တိုးပွားလာစေရန်အတွက် လက်ရှိ ရှိနေသော သဘာဝတောများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရသကဲ့သို့ သစ်တောနယ်မြေအတွင်းရှိ တောနိမ့်၊တောပျက်၊တောပါးသောနေရာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ကြရသည်။ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ တောင်စဉ်တောင်တန်းများစိမ်းလန်းစိုပြည်ရေးစိုက်ခင်း စသည့် စိုက်ခင်းအမျိုးမျိုးကို အချိန်ကိုက် ကြိုးပမ်းစိုက်ပျိုးကြရသည်။

သစ်တောနယ်မြေများရှိ သစ်ပင်သစ်တောများသည်သာ အရေးကြီးသည် မဟုတ်ဘဲ သစ်တောမြေပြင်ပမှ သစ်ပင်များ (Trees Outside Forests–ToF) သည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတသာယာရေး၊ ပြည်သူလူထု အရိပ်ခိုနားနေ အပန်းဖြေနိုင်ရေးအတွက် သစ်တောနယ်မြေများတွင် သာမက သစ်တောမြေ ပြင်ပနေရာများဖြစ်သည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသော နေရာများ၊ အမြန်လမ်းဘေး ဝဲ ယာများ၊ အာဆီယံလမ်းမကြီးများ ဝဲ ယာများ၊ မီးရထားလမ်းဘေးဝဲယာများနှင့် ကျေးလက်လမ်း၊ ခရိုင်ချင်းဆက် လမ်းဘေးဝဲယာများတွင်လည်း သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းအပြင် အစိုးရဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ သစ်ပင်စိုက်ပျိုးခြင်း၊ Tree Planting Campaign၊ Greening Campaign နှင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပကာ စိုက်ပျိုးကြလျက်ရှိသည်။

အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ တပ်မတော်နှင့် ရဲတပ်ရင်း တပ်ဖွဲ့များ၊ ပြည်သူများအနေဖြင့်လည်း နှစ်သက်ရာ သစ်မျိုးများကို မိုးတွင်းကာလတွင် အချိန်ကိုက် စိုက်ပျိုးနိုင်ရေးအတွက် အမြင့် နှစ်ပေအထက် ကျန်းမာကြံ့ခိုင်သော ပျိုးပင်အမျိုးမျိုးကို သစ်တောဦးစီးဌာနက အခမဲ့ဖြန့်ဖြူးပေးလျက်ရှိပြီး သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများ အောင်မြင်စေရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန် အားပေးကူညီ ပံ့ပိုးပေးလျက်ရှိသည်။ မိုးရာသီသစ်ပင်များ စိုက်ပျိုးရာတွင် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသော သစ်မျိုးများ၊ ဒေသနှင့် ကိုက်ညီသော သစ်မျိုးများ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ် ခံနိုင်ရည်ရှိသော အပင်မျိုးများ၊ ပူပြင်းခြောက်သွေ့မှုဒဏ်ခံနိုင်သော သစ်မျိုးများ၊ ကြီးမြန်သစ်မျိုးများ၊ ရေရှည်တွင် မြို့ပြဖွံ့ဖြိုးမှုကို ထိခိုက်မှု မရှိစေနိုင်သည့် သစ်မျိုးများ၊ ရတနာတန်းဝင် အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်သော သစ်မျိုးများ၊ မျက်စိပသာဒဖြစ်စေမည့် သစ်မျိုးများ၊ အရိပ်ကောင်းစွာ ပေးစွမ်းနိုင်သည့် သစ်မျိုးများကို စိုက်ပျိုးမည့်နေရာနှင့် လိုက်လျောညီထွေရှိစေရေး စနစ်တကျရွေးချယ်ကာစိုက်ပျိုးကြရသည်။

### အကျိုးကျေးဇူးစုံလင် သစ်တောသစ်ပင်

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်ပြီး ဇရပ်၊ တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသော ကုသိုလ်ကို ရရှိခံစားနိုင်ကာ အသက်ရှည်ကျန်းမာ ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်သည်။ သစ်ပင် သစ်တောများသည် သစ်နှင့် ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင်အပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ **"သက်ရှိလောကတည်မြဲဖို့"၊ "ဇီဝမျိုးစုံ ထိန်းသိမ်းဖို့"၊ "လောင်စာစွမ်းအင်ရရှိဖို့"၊ "ရေ၊ မြေ သယံဇာတ ထိန်းသိမ်းဖို့"၊ "လေကောင်း လေသန့် ရရှိဖို့"၊ "ရာသီဥတု မျှတဖို့" ၊ "ထာဝရကုသိုလ်ရယူဖို့"၊ "သဲကန္တာရဖြစ်ထွန်းမှု တားဆီးဖို့"** စသော အကျိုးကျေးဇူးများစွာကို သစ်ပင်၊ သစ်တောများက ပံ့ပိုးပေးလျက်ရှိသည်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု အများဆုံးခံစားကြရသည့် ပင်လယ်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် လေပြင်းတိုက်ခတ်မှုများ၊ ဆားငန်ရေ ဝင်ရောက်မှုများ၊ ရေကြီးရေလျှံမှုများကို တားဆီးကာကွယ်နိုင်ရန်နှင့် လျော့ပါးသက်သာစေရန်အတွက် ဒီရေတောအပင်များ စိုက်ပျိုးခြင်း၊ ဆားငန်ဓာတ်ခံနိုင်ရည်ရှိသော အပင်များကို စိုက်ပျိုးခြင်း၊ ရေသောက်မြစ် နက်ရှိုင်းစွာရှိပြီး ဘေးမြစ်ဖြာထွက်မှု အားကောင်းသော အမြဲစိမ်းအပင်များ စိုက်ပျိုးခြင်း၊ အုန်း၊ ပင်လယ်ကဗွီးကဲ့သို့သော ပင်စည်ကွေးညွတ်အားကောင်းပြီး အရွက်သေးငယ်သော အပင်များဖြင့် လေကာတန်းစိုက်ပျိုးခြင်း၊ ဒေသနှင့်ကိုက်ညီသော လေပြင်းမုန်တိုင်းဒဏ်ခံနိုင်သည့် ကြီးမြန်ပင်များနှင့် အမြဲစိမ်းအပင်များ၊ မြေဆီလွှာထိန်းနိုင်သည့် အပင်များကို စနစ်တကျရွေးချယ်စိုက်ပျိုးခြင်းဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကို လျော့ပါးသက်သာစေနိုင်သည်။

### နိုင်ငံတစ်ဝန်းစိမ်းလန်းစေဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုး ရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ သဘာဝနှင့် လိုက်လျောညီထွေအဖြစ်ဆုံး လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြဿနာများ ဖြေရှင်းရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း (Nature–based Solutions) အဖြစ် ကျယ်ပြန့်စွာ အသုံးပြုလာလျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကာလကို ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (UN Decade of Ecosystem Restoration 2021–2030) ဟု သတ်မှတ်ထားပြီး ဂေဟစနစ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအဖြစ် သစ်ပင်စိုက်ပျိုးခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရေးနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာစေရေး၊ ပတ်ဝန်းကျင်ရေးရာနိုင်ငံတကာ ကတိကဝတ်များဖြည့်ဆည်းနိုင်ရေးအတွက် **စာမျက်နှာ ၁၁ သို့ ✻**

> **"တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင်ရှင်သန်ဖို့ အလွန်အရေးကြီးလှသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်။ ပင်လယ်ကမ်းရိုးတန်း၊ ကုန်းတွင်းပိုင်း၊ တောင်ကုန်းတောင်တန်းဒေသ စသည့်နေရာဒေသအပေါ် မူတည်၍ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသ အနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန် လိုအပ်ပြီး ရည်ရွယ်ချက်၊ စနစ်တကျရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ အပင်တိုင်း အပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်နိုင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်အောင်မြင်နိုင်မည်"**



ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၏ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

○ ၂၀၂၃ ခုနှစ်မှ

နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ဂ)ပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့်သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် အဆိုပါလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ခ)ပွဲစဉ်အဖြစ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသည်။

ထို့အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ခ)မှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေကျသည်။

ယနေ့ကျင်းပသည့် အုပ်စုပွဲစဉ်များ၏ ယှဉ်ပြိုင်ကစားမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ဇွန်၂၉ ရက်တွင် ပြိုင်ပွဲကိုခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၃၀ ရက်တွင် သတ်မှတ်ထားသည့် အုပ်စုအလိုက် အုပ်စု ပထမ၊ ဒုတိယ၊ တတိယအသင်းများဆက်လက် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ဇူလိုင် ၂ ရက်တွင် အုပ်စုပွဲစဉ်များမှ အနိုင်ရရှိလာသည့် အသင်းများက အကြိုဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော တပ်မတော် (လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၈**

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom Vannarot ၏ ဖိတ်ကြားချက်အရ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်ဦးဆောင်သော တပ်မတော်(လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**



✲ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇) ကို ရေးဆွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) နှင့် နိုင်ငံအဆင့် ဒီရေတောနှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းခြင်းဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ အစရှိသည့် စီမံကိန်းများကိုရေးဆွဲပြီး သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကာလအတွင်း နိုင်ငံပိုင်သစ်တောစိုက်ခင်း ဧက၂၈၅၅၀၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၂၈၅၁၀၄ ဧကနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၇၇၀၃၃၂ ဧက တို့ကို ရည်မှန်းချက်ချမှတ်လျက် နည်းလမ်းမျိုးစုံဖြင့် တည်ထောင်စိုက်ပျိုးလျက်ရှိရာ နိုင်ငံပိုင်သစ်တောစိုက်ခင်း ၁၄၆၉၅၉ဧက၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ဧက ၆၄၂၅၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၄၄၉၆၅၇ ဧကတို့ကို တည်ထောင်နိုင်ခဲ့ပြီး ဖြစ်သည်။ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီအတွင်း သစ်တောစိုက်ခင်းမျိုးစုံ ဧရိယာ ၂၅၂၇၁ ဧက၊ အပင်ပေါင်း ၂၄၆၁၉၂၀၀ ကို လျာထားစိုက်ပျိုးလျက်ရှိသည်။

သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ သစ်ပင်သစ်တော ချစ်ခင်စိတ်တိုးပွားလာစေရေး၊ သစ်တော သစ်ပင်ထိန်းသိမ်းရေး အသိစိတ်ဓာတ်များ



ပိုမိုမြင့်မားလာစေရေးနှင့် သစ်တောများက ထောက်ပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်လာစေရေးအတွက် ရည်ရွယ်၍ မိုးလရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လာခဲ့ပြီး နှစ်စဉ်ကျန်းမာကြံ့ခိုင်သည့် အမြင့်ပေ နှစ်ပေအထက် ပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိရာ ယခုနှစ်တွင် ပျိုးပင် ၈ ဒသမ ၄ သန်းကျော် လျာထားဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကို အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။

သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများ ခံစားရရှိဖို့ **“နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ”** ဟူသော ဆိုရိုးစကားနှင့်အညီ ယခုအချိန်သည် သစ်ပင်စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံး အချိန်အခါဖြစ်သည်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့် လူတိုင်း လူတိုင်း၊ ကျေးရွာတိုင်း၊ မြို့ပြတိုင်း သစ်ပင်စိုက်ပျိုးနိုင်ရန် အားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးနိုင်သည့် နေရာမှန်သမျှ သင့်လျော်သော သစ်ပင်များစိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အိမ်ခြံဝင်းပတ်လည်နှင့် လယ်ယာနယ်နိမိတ်များ၊ ကျေးရွာအတွင်း၊ အပြင် မြေကွက်လပ်များ၊ မြို့ပြ ပတ်ဝန်းကျင်နှင့် မြို့ပြအတွင်း သင့်လျော်သောနေရာများ၊ မြစ်ချောင်းကမ်းနားတစ်လျှောက် နေရာကွက်လပ်များ၊ ရေကန်များ၊ အင်း၊ အိုင်ဘေးပတ်လည်နေရာများ၊ ကားလမ်းနှင့် ရထားလမ်းဘေးဝဲ၊ ယာ သင့်လျော်သည့် နေရာများ၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ခရိုင်ချင်းဆက်လမ်းဘေးဝဲ၊ ယာများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဘုရားကျောင်းကန်ဝင်းအတွင်း သင့်လျော်သော နေရာများ၊ အများနှင့် သက်ဆိုင်သောနေရာများ စသည်တို့တွင် အကြားအလပ်မရှိ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းရေးတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည်။

**ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင်ထိန်းသိမ်း**

တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ဖို့ အလွန်အရေးကြီးလှသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်။ ပင်လယ်ကမ်းရိုးတန်း၊ ကုန်းတွင်းပိုင်း၊ တောင်ကုန်း တောင်တန်းဒေသစသည့် နေရာဒေသအပေါ် မူတည်၍ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသ အနေအထားနှင့် သဟဇာတဖြစ်သော သစ်မျိုးများဖြစ်ရန်လိုအပ်ပြီး ရည်ရွယ်ချက်၊ စနစ်တကျ ရွေးချယ် စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်မည် ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်း ကြီးအောင်ပြုစုရန်၊ မြဲအောင်ထိန်းသိမ်းရန် အလွန်ခက်ခဲသည်။ အပင်တိုင်း အပင်တိုင်းကို တန်ဖိုးထားလျက် စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည်အထိ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်နိုင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်အောင်မြင်နိုင်မည်ဖြစ်သည်။

**စိမ်းလန်းသာယာ၊ ပြည်မြန်မာ**

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို သားစဉ်မြေးဆက် ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ခြင်း၊ ငွေကြေးဖြင့် ဈေးကွက်တွင် ဝယ်ယူသုံးစွဲရခြင်း မဟုတ်သည့်အတွက် သစ်ပင်သစ်တောများက ပံ့ပိုးသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများကို တန်ဖိုးထားမှု၊ အသိမှတ်ပြုမှု၊ အလေးထားမှု နည်းပါးကြသည်ကို တွေ့ရသည်။ အဆိုပါတန်ဖိုးများကို သိရှိနားလည်မှုမရှိခြင်း၊ သိရှိသူ အလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစု အကျိုးစီးပွားနှင့် ရေတိုအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့်အဖွဲ့အစည်း၊ ထိန်းသိမ်းမည့်အဖွဲ့အစည်း အလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်နိမ့်ပါးခြင်း စသည့် အကြောင်းများကြောင့် သစ်တောများ ပြုန်းတီးပြီး သစ်တောဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ သစ်တောသယံဇာတများ ပြုန်းတီးပျက်စီးခြင်းသည် နိုင်ငံ၏ကြွယ်ဝမှုကို ယုတ်လျော့ဆုံးရှုံးခြင်းလည်း ဖြစ်သည်။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်းရန်နှင့် သစ်တောသယံဇာတများအား ထိန်းသိမ်းကာကွယ်ရန် အစီအစဉ်များကို အမြော်အမြင်ကြီးစွာဖြင့် ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန် မဖြစ်မနေလိုအပ်သည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် အဖိုးတန်သယံဇာတအရင်းအမြစ်များ၊ သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် အလွန်အရေးကြီးသည်။ သစ်တောသစ်ပင်ချစ်ခင်သူများ ပိုမိုတိုးပွားလာဖို့ လိုအပ်သည်။ ပြည်သူများအကြား သစ်ပင်သစ်တောများ၏ စစ်မှန်သော တန်ဖိုးကို ပိုမိုနားလည်လာပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေဖို့ ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်၊ အေးချမ်းသာယာစေရန် သဘာဝသစ်တောသယံဇာတများ၊ သစ်ပင်၊ သစ်တောများကို ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ဂေဟစနစ်ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါစို့ဟု ဆန္ဒမွန်ဖြင့် တိုက်တွန်းအပ်ပါသည်။ ။

# မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပြည်ထောင်စုဈေးမုခ်ဦးဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပြည်ထောင်စုဈေးမုခ်ဦးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါနေရာများ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြည်ထောင်စုအမှတ်(၂) လမ်းနှင့် ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါလမ်းသစ်အား လိုက်လံကြည့်ရှုခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုဈေးမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်၏ အရှည်မှာ ပေ ၆၄၂၀၊ အကျယ် ပေ ၂၀၊ ဒု သုံးလက်မဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းသည်။ အဆိုပါကျောင်းတိုက်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများကို ဆီ၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားများ ပြောကြားသည်။ ထို့ပြင် တောင်ရင်းရပ်ကွက်၊ ဘိုးဘွားရိပ်သာအနီး သုသာန်အဝင်လမ်းဘေး ဝဲ/ယာရှိ စွန့်ပစ်အမှိုက်ပုံကြီးအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စွန့်ပစ်အမှိုက်များအား သတ်မှတ်နေရာများ၌သာ စနစ်တကျစွန့်ပစ်စေရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကကျက်ဘက်ကျေးရွာအုပ်စု ကကျက်ဘက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့မှ(အခမဲ့) ဆေးကုသပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးစကားများပြောကြားပြီး ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အဆိုပါစာသင်ကျောင်းတွင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီး/ဆုံးရှုံးသွားသည့် စာသင်ကျောင်းအမိုး ပြင်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်တွင် မိုခါမုန်တိုင်းကြောင့် လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများရောက်ရှိမှု၊ ဖြန့်ဝေထားရှိမှု၊ လက်ကျန်စာရင်းများကိုက်ညီမှု ရှိ၊ မရှိ အခြေအနေများအား စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများအား မျိုးစပါးများ ထောက်ပံ့ပေးနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အလားတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဏကမြို့နယ်အတွက် မျိုးစပါးများ တင်ဆောင်လာသော ကားများရောက်ရှိလာသဖြင့် ယင်းမျိုးစပါးများအား မြို့နယ်စိုက်ပျိုးရေးရုံးရှိ ဂိုဒေါင်ထဲသို့ စနစ်တကျထည့်သွင်းနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ မြေပုံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်များပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့



နေပြည်တော် ဇွန် ၂၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ MV. FORTUNE ရေယာဉ်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ပေးပို့သည့် သွပ် ၁၆၅၆၇၄ ချပ်၊ ခေါင်အုပ်သွပ် ၁၃၂ ဒသမ ၇၇ တန်၊ အမိုးဒိုင်း တန် ၁၅၀၊ ထရန်စဖော်မာ နှစ်လုံး၊ သစ်ခွဲသား တန် ၁၅၀၊ ဆန်အိတ် ၁၀၀၊ ရေသန့်ကတ် ၁၀၀၃၀ နှင့် ပျိုးပင် ၁၄၀၀၂ ပင် စုစုပေါင်း ၁၅၆၂ ဒသမ ၅၈ တန် တင်ဆောင်၍ ယနေ့ နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၁၈ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များ ပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၂၆၉၀၀ ဒသမ ၆၄ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အလုပ်အကိုင်အခွင့်အလမ်း ၄၄၈၄ ဦးအတွက် ဖန်တီးပေးနိုင်ခဲ့

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရန်ကင်းမြို့နယ် စိမ်းလဲ့မေလမ်းသွယ်ရှိ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာများ ပြသထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။



ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပပြီး အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ခုနစ်ခုကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Bedding အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းအမျိုးမျိုး ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းတို့ ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၁၄ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၄၄၈၄ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရပြီး အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# ကလောမြို့၌ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်

ကလော ဇွန် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေးဌာန အနေဖြင့် မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရန် အတွက် ရေမြောင်းအတွင်းရှိ အမှိုက်များ၊ နုန်းဆယ်ယူခြင်းလုပ်ငန်းများနှင့် ရေမြောင်းအသစ်များ တည်ဆောက်ခြင်း လုပ်ငန်းများကို ဇွန်လပထမပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကလောမြို့ အမှတ် (၄) ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းဘေးရှိ ရေမြောင်းတူးဖော်ခြင်း၊ ကလောဘူတာလမ်းဘေးရှိ ရေမြောင်းအတွင်း ချုံနွယ်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို စက်ယန္တရားများ၊ လူအင်အားများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၂၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

"ဟာသမြို့တော်" ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ်လူရွှင်တော်အဖွဲ့မှ စတားကောင်းထက်စီစဉ်ပြီး "အထင်နှင့်အမြင်" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ရဲလေးမ၊ နေကျော်၊ ဟာသမယ်မတူး၊ ရွှေယမင်း၊ ကြယ်စင်လင်းနှင့် ရဲထွန်းထွန်းတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဇူလိုင် ၁ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဇူလိုင် ၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မော်လမြိုင် | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၇၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၈၂၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၂၅ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၆၀ | ၂၀၈၀ | ၂၀၇၅ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၀၀ |
| HSD (10 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၂ | ၁၉၁၃ |
| 95 Ron | ၁၉၃၂ | ၂၀၀၄ |
| HSD (500 ppm) | ၁၈၂၉ | ၁၈၉၅ |
| HSD (50 ppm) | ၁၉၀၃ | ၁၉၇၀ |
| HSD (10 ppm) | ၁၉၀၃ | ၁၉၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၁၁၀ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၁၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၄၅,၁၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၃၉၁) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၃၁၀) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ်အတွင်း ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများနှင့် အကြမ်းဖက်သမားအလောင်းအချို့ သိမ်းဆည်းရရှိ

နေပြည်တော် ဇွန် ၂၈

စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လက်နက်/ခဲယမ်းများနှင့်အတူ ခိုအောင်းနေသော အကြမ်းဖက်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၅ ရက်တွင် တိုက်ခိုက်ချေမှုန်းခဲ့ရာ အလောင်းအချို့နှင့် လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် အချို့သော အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး၍ စဉ့်ကိုင်ကျေးရွာအနီးတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ခိုအောင်းလျက်ရှိကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့်ဒေသခံပြည်သူအချို့၏လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားအလောင်းအချို့၊လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ကျေးရွာ၌ လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းနှင့် ဇွန် ၂၅ ရက်က ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ချေမှုန်းရာတွင် ထွက်ပြေးလွတ်မြောက်လာသည့် အကြမ်းဖက်သမားများသည်လည်း ပူးပေါင်းအခြေပြုနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးခဲ့သဖြင့် ပိတ်ဆို့ရှင်းလင်းရေးအဖွဲ့က တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားအချို့၏



စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ကျေးရွာ၌ ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။



ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ထပ်မံသိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

အလောင်းများနှင့် စနိုက်ပါသေနတ် တစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်း/ ဗုံးသီးများ၊ ကျည်အိမ်များ၊ ကျည်မျိုးစုံ ၁၄၁၂ တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ လက်ကိုင်ဖုန်း ရှစ်လုံးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ကျေးရွာအတွင်း ဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ရှေ့ဒ့တိုက်ဒုံးပစ်စင် လေးခု၊ လက်လုပ်ဗုံးသီး ၁၇ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၈ ခုနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှသွေးထိုးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားများ စုဝေးဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်စေရန်အတွက် တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှ ကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင် ခေါင်းဆောင်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးထိုးလှုံ့ဆော်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ သတင်းပေးပို့မှုကြောင့် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ Action Labour Right အမည်ခံအဖွဲ့မှ သန္တာစိုးလင်းနှင့် ဖြိုးမြတ်မြတ်သင်းတို့ကို လည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့အား အားပေးကူညီသူ ဟိန်းမင်းဇော်ကို လည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ စက်ရုံများတွင် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသည့် ဟိုစိမ့်(မြန်မာ) အထည်ချုပ်စက်ရုံမှ အောင်အောင်၊ သူသူစံ၊ သန္တာအေး၊ အေးသန္တာငွေး၊ မေသူမင်းတို့ကို လည်းကောင်း၊ Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ သီတာဝင်းနှင့် ကိုထက်(ခ)လှိုင်ဝင်းထက်တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ




ဖမ်းဆီးရမိတရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ Action Labour Right အမည်ခံအဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ သူဇာ ဦးဆောင်၍ ဖေဖော်ဝါရီ ၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက်ရှိ ကောင်း(၁)ထမင်းဆိုင်အပေါ်ထပ်၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၂၀ ခန့်အား စည်းရုံးသိမ်းသွင်းကာ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း၊ ထိုသို့ သွေးထိုးလှုံ့ဆော်မှုကြောင့် ဇွန် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန်ရှိ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်ဝင်ရောက်ခြင်းမပြုဘဲ စက်ရုံရှေ့တွင် စုဝေး၍ လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ စက်ရုံအတွင်း၌ စုဝေး၍လည်းကောင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရေး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ရာတွင်ပါဝင်ခဲ့သည့် Action Labour Right အမည်ခံအဖွဲ့၊ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံနှင့် Sun Apparel Myanmar အထည်ချုပ်စက်ရုံ တို့မှ တရားခံ ၁၀ ဦးအား တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်၊ သူဇာနှင့် ဆက်စပ်တရားခံများ၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်း သက်မွေးပညာသင်တန်းကျောင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ဆိုက်ခေါင် ဇွန် ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းတည့် ၁၂ နာရီက ဆိုက်ခေါင်အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမျိုးသမီး အိမ်တွင်းမှုလုပ်ငန်း သက်မွေးပညာသင်တန်းကျောင်းရှိ စက်ချုပ်သင်တန်းဆောင်၊ အမျိုးသမီး နှစ်ထပ်အိပ်ဆောင်နှင့် စက်ချုပ်ပစ္စည်းထားရှိသည့်အဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆီဆိုင်မြို့နယ် ကျောင်းချယ်ကျေးရွာရှိ ထုတ်ကုန်ဖြန့်ချိမည့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းဖြစ်သည့် နာနတ်သီးစည်သွတ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းကို သွားရောက်ကြည့်ရှုရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နာနတ်သီးစိုက်ပျိုးသည့် မြေနေရာနှင့်ပတ်သက်၍ ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးစကား ပြောကြားပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)အတွက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# သဘာဝဘေးဒဏ်သင့်ခဲ့သည့် အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**စစ်တွေ ဇွန် ၂၈**

မေ ၁၄ ရက်က ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ် သင့်ခဲ့သည့် အလုပ်သမား ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများအား အလုပ်သမားဝန်ကြီးဌာနက ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ နန္ဒရာမကျောင်းတိုက်၌ ကျင်းပသည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်တင်က အမှာစကားပြောကြားပြီး ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် ဦးစီးဌာန၊ အဖွဲ့ရုံးများအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ဝန်ထမ်း ၁၀၁ ဦးအတွက် ငွေကျပ် ၃၀၃ သိန်းကို လည်းကောင်း၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်စဉ် မိမိပိုင်နေအိမ်၊ မိဘပိုင်နေအိမ်တွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများအနက် နေအိမ်ပျက်စီးခဲ့သည့် ဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ဝန်ထမ်း ၇၈ ဦး အတွက် ငွေကျပ် ၁၁၇ သိန်းကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဦးစီးဌာနနှင့် အဖွဲ့ရုံးများမှ ဝန်ထမ်းများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၏ အခက်အခဲများကို မေးမြန်းဖြေရှင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် စစ်တွေမြို့ မောင်နီပြင်ကျေးရွာတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့် အာမခံအလုပ်သမားများနှင့် ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**သန်လျင် ဇွန် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့၏ ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်အတွက် နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီးပါက နှစ်ဖက်အဖွဲ့အစည်းများသည် ကျောင်းသား ကျောင်းသူများ အပြန်အလှန် ဖလှယ်ခြင်း၊ သုတေသန Project များ ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်းနှင့် သုတေသနစာတမ်းများ ထုတ်ဝေခြင်းစသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခချုပ်နှင့် အငြိမ်းစားပါမောက္ခချုပ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် အငြိမ်းစားကျောင်းအုပ်ကြီးများ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ဒုတိယဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာအမျိုးသားလေကြောင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်စီမြို့သို့ စတင်ပျံသန်းပြေးဆွဲမည်

**ရန်ကုန် ဇွန် ၂၈**

မြန်မာအမျိုးသား လေကြောင်းက နိုင်ငံတကာ ခရီးစဉ်သစ်တစ်ခုအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ မန်စီမြို့သို့ ဇွန် ၂၉ ရက်မှ စတင်၍ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပျံသန်းပြေးဆွဲပေးရာတွင် ဘိုးရင်း 737-800 NG လေယာဉ်ဖြင့် တစ်ပတ်လျှင် သုံးကြိမ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (Terminal-1)နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ ပြေးဆွဲသွားမည်ဖြစ်သည်။

အဆိုပါ ရန်ကုန်-မန္တလေး-မန်စီ-မန္တလေး-ရန်ကုန်ခရီးစဉ်ကို ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ထွက်ခွာပြီး မန္တလေးသို့မွန်းလွဲ ၁ နာရီခွဲတွင်ရောက်ရှိမည်ဖြစ်ကာ မန္တလေးမှ မွန်းလွဲ ၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာပြီး မန်စီသို့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့အတူ မန်စီမှ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၆ နာရီတွင်ရောက်ရှိမည်ဖြစ်ကာ မန္တလေးမှ ည ၇ နာရီတွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်သို့ ည ၈ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **လင်းရာမ**

# ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန် ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် (၁၃၃)လမ်း (၆၅x၆၆) လမ်းကြားတွင် မြင့်ကျော်(ခ)ညီပု၊ မဇင်မာဦးနှင့် မနန်းစန္ဒာစိုးတို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း၊ ဆိုင်ကယ် တစ်စီးနှင့်အတူဖမ်းဆီးရမိခဲ့ပြီး မြင့်ကျော်(ခ)ညီပုနှင့် ၎င်း၏ဇနီး မဇင်မာဦးတို့နေထိုင်သည့် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ (၁၄၂) လမ်း (၆၅x၆၆) လမ်းကြားရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်းကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန် ၂၂ ရက် ည ၈ နာရီတွင် မဟာအောင်မြေမြို့နယ် (၄၁)လမ်း (၈၄ x ၈၅)လမ်းကြားတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တင်မောင်စိုး(ခ)ရန်ချန်းကျ(ခ)အားတီအားဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့

နေပြည်တော် ဇွန် ၂၈

ကယားပြည်နယ်အတွင်း နယ်စပ်ဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် တောင်လှစခန်း၊ မယ်တန္တယ်စခန်း၊ ဘီပီ-၁၄ စခန်း၊ မယ်စဲ့စခန်းနှင့် နမ်ပေါင်စခန်းတို့အား KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့က အင်အား အလုံးအရင်းဖြင့် ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ဇွန် ၁၆ ရက်တွင် ပန်တိန်းဒေသရှိ တပ်မတော်ကွပ်ကဲမှုအောက် အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်သည် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် အမှတ်(၁၀၀၄)နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်အရာရှိတစ်ဦးနှင့် ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ၎င်း၏သတင်းပို့ချက်အရ အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်မှ အသွင်ပြောင်းတပ်ဖွဲ့ဝင်အချို့သည် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ဖျက်တောခိုခဲ့ပြီး KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့နှင့် KNDF အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းသွားကြောင်း၊ ၎င်းတပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား သက်ဆိုင်ရာရုံး၊ အဆောက်အအုံ အသီးသီးတွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း သိရသည်။

ထို့ကြောင့် ယင်းနေ့ နံနက်ပိုင်းတွင် တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့များ အသုံးပြု၍ ကွန်မန်ဒိုနည်းဖြင့် ချီတက်ချဉ်းကပ်ကာ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူ ရယူပြီး အဆင့်ဆင့် ချီတက်တိုက်ခိုက်ခဲ့ရာ မွန်းလွဲပိုင်းတွင်

စာမျက်နှာ ၁၇ သို့ ■


KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းအား တွေ့မြင်ရစဉ်။


အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ် တပ်ရင်းရုံးအား တွေ့မြင်ရစဉ်။


အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ် တပ်မှူးရုံးခန်းအား တွေ့မြင်ရစဉ်။


အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ် ဆံသဆိုင်၊ စာကြည့်တိုက်၊ တပ်တွင်းကုန်စုံဆိုင်များအား တွေ့မြင်ရစဉ်။


အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းအား တွေ့မြင်ရစဉ်။


KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသရှိ အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းအား တွေ့မြင်ရစဉ်။


အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ် တပ်ရင်းရုံးအား တွေ့မြင်ရစဉ်။


ရွာသစ်မြို့ ရွှေကျောင်းဘုန်းကြီးကျောင်းရှိ အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာနေရသူများကို အားပေးစကားပြောကြားစဉ်။










KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် လက်နက်ခဲယမ်းများအား တွေ့မြင်ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်　ဇွန်　၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ အမှတ်(၂)ရပ်ကွက်နေ ဆန်းလွင်သည် ၎င်းအသုံးပြုသည့် “San Lwin” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနေ ခင်သက်ဝေ(ခ) ဖူးဖူးသည် ၎င်းအသုံးပြုသည့် “Khin Thet Wai” Facebook အကောင့်နှင့် တောင်တွင်းကြီးမြို့နယ် ရွှေအိုး(၁)ရပ်ကွက်နေ မြတ်မျိုးဇော်(ခ)ကိုမျိုးသည် ၎င်းအသုံးပြုသည့် “Myat U Paing” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ မိုးစပါးရာသီတွင် ပေါင်ဖြင့်ပျိုးထောင်ခြင်း နည်းပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပ

**တိုက်ကြီး　ဇွန်　၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးစပါးရာသီ သိပ္ပံနည်းကျပေါင်ဖြင့်ပျိုးထောင်ခြင်း နည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ရင်းတိုက်ကွင်းကျေးရွာအုပ်စု တောင်သူ ဦးမြင့်စိုး၏ လယ်မြေ၌ ကျင်းပသည်။

**လက်တွေ့သရုပ်ပြသ**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က သိပ္ပံနည်းကျပေါင်ဖြင့်ပျိုးထောင်ခြင်း နည်းပညာများအား အသိပညာပေးဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ဆွေးနွေးကာ သိပ္ပံနည်းကျပေါင်ဖြင့် ပျိုးထောင်ခြင်းအား လက်တွေ့သရုပ်ပြသသည်။

အဆိုပါ နည်းပညာပေး ကွင်းသရုပ်ပြပွဲသို့ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် စိုက်ပျိုးတောင်သူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်ဦး**

■ **စာမျက်နှာ ၁၆ မှ**

အမှတ်(၁၀၀၄)နယ်ခြားစောင့်တပ်ကို ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကို ကယ်တင်၍ ရဟတ်ယာဉ်များဖြင့် လုံခြုံစိတ်ချရသည့်နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

**ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့**

ထို့အတူ စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်သည်လည်း ဇွန် ၁၇ ရက်တွင် ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့ စေလွှတ်ရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေအရ အသုံးမပြုနိုင်သဖြင့် ကွန်မန်ဒိုတပ်ဖွဲ့များဖြင့် အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ရာ ဇွန် ၂၇ ရက် ညနေပိုင်းတွင် အမှတ်(၁၀၀၅)နယ်ခြားစောင့်တပ်အား ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့သည်။ ၎င်းတပ်အား ပြန်လည်ထိန်းချုပ်ရရှိချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပျောက်ဆုံးလျက်ရှိသဖြင့် အမြန်ဆုံးကယ်ဆယ်နိုင်ရေး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အမှတ်(၁၀၀၄)နယ်ခြားစောင့်တပ်နှင့် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်တို့အား တိုက်ခိုက်သိမ်းပိုက်ရာတွင် အပြန်အလှန်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ ၄၁ လက်၊ ခဲယမ်းမျိုးစုံ ၉၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်းနှင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် မယ်စဲ့ဒေသမှ စခန်းအချို့အား အမြန်ဆုံး ပြန်လည်သိမ်းပိုက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**












KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် အကြမ်းဖက်သမားများ၏ အသုံးအဆောင်ပစ္စည်းများနှင့် ကင်းစခန်းများအား တွေ့မြင်ရစဉ်။

## မကွေးတိုင်းဒေသကြီး၌ စပျစ်သီးနှံဈေးကောင်းရ၍ ပိုမိုစိုက်ပျိုးလာ

မကွေး ဇွန် ၂၈

မြန်မာနိုင်ငံတွင် စပျစ်သီးနှံကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ပြင်ဦးလွင် စသည့်မြို့နယ်များနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးကြသည်။ စပျစ်သည် ရေကိုလိုအပ်သည့်အတိုင်း ပေးသွင်းနိုင်ပါက အကျိုးဖြစ်ထွန်းနိုင်ကြောင်း၊ စပျစ်ကို နေရာဒေသမရွေး စိုက်ပျိုးနိုင်သော်လည်း အအေးပိုင်းဒေသများတွင် ပိုမိုဖြစ်ထွန်းကြောင်း၊ စပျစ်ကိုစိုက်ပျိုးရာတွင် ကိုင်းကူး/ကိုင်းဆက်၍ စိုက်ပျိုးနည်း၊ ပင်ထောင်စိုက်ပျိုးနည်း၊ ချုံပုတ်သဏ္ဌာန်စိုက်ပျိုးနည်းနှင့် စင်တင်စိုက်ပျိုးနည်းဟူ၍ စိုက်ပျိုးလေ့ရှိပြီး ကိုင်းကူး၍ ကိုင်းဆက်ထားသော အပင်မျိုးများကိုသာ စိုက်ပျိုးကြရာ အများအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် စင်တင်စိုက်ပျိုးခြင်းနည်းကိုသာ အသုံးပြုကြကြောင်း သိရသည်။

စပျစ်ပင်သည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် အရင်းအနှီးမှာ ပိုမိုများပြားကြောင်း၊ စပျစ်သီး အမျိုးအစားများမှာ အများအားဖြင့် (RG) ချွန်း၊ (RG) လုံးကြီး၊ ဂျပန်စိမ်းတို့ဖြစ်ပြီး အစိမ်းလည်းစားနိုင်သည့်အပြင် အသီးခြောက်၊ ဝိုင်အရက်ပြုလုပ်ရာတွင်လည်းအသုံးဝင်၍ ဈေးကွက်ဝင်သီးနှံဖြစ်သောကြောင့် ကုန်သည်ပွဲစားများက စပျစ်ခြံများအရောက်ကွင်းဆင်းဝယ်ယူမှုများလည်းရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ယခုလက်ရှိအချိန်တွင် စပျစ်သီး(RG)လုံးကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ (RG) ချွန်း တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း ယခင်နှစ်က စပျစ်သီး(RG)လုံးကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ (RG) ချွန်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ရှိခဲ့ရာ ယခင်နှစ်ထက် ငွေကျပ် ၁၂၀၀၀ ခန့် ဈေးပိုလာခဲ့သဖြင့် ဈေးကွက်ဝယ်လိုအားကောင်းပြီး အကျိုးအမြတ်များစွာရရှိသည့်အတွက် ပခုက္ကူ၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်း စသည့်မြို့နယ်များရှိ ကျေးရွာများတွင် မြေအောက်ရေတွင်းများတူး၍ စိုက်ပျိုးလာကြောင်း သိရသည်။

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

## လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

နေပြည်တော် ဇွန် ၂၈

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန် ၂၆ ရက်မှ ၂၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ပဲတီစိမ်းတန်ချိန် ၆၆ တန်၊ နိုင်လွန်ပဲတန်ချိန် ၃၃ တန်၊ ပြောင်းတန်ချိန် ၂၂ တန်တို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ပဲတီစိမ်းတစ်တန်လျှင် ၆၅၅ ဒေါ်လာ၊ နိုင်လွန်ပဲ တစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ ရှိ၍ သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ်ရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ပိတ်လိပ်တန်ချိန် ၉၇ ဒသမ ၅၀ တန်၊ ကုန်စုံတန် ချိန် ၇၂ ဒသမ ၂၀ တန်၊ ကော်စေ့တန်ချိန် တန် ၃၀၊ ပီနံအိတ်တန်ချိန် ၂၇ တန်၊ ဓာတ်မြေဩဇာတန်ချိန် ၃၂ တန်၊ ပလတ်စတစ်လိပ် တန်ချိန် ၁၆ တန်၊ ဂျပ်စက္ကူတန်ချိန် ရှစ်တန်၊ စက်နှင့်စက်ပစ္စည်းအရေအတွက် ခြောက်ခုတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် ပိတ်လိပ်တစ်တန်လျှင် ၅၉၇ ဒေါ်လာ၊ ကော်စေ့တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ဓာတ်မြေဩဇာတစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ပလတ်စတစ်လိပ် တစ်တန်လျှင် ဒေါ်လာ ၇၀၀ နှင့် ဂျပ်စက္ကူတစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ဇွန် ၂၇ ရက်တွင် တစ်ယွမ်လျှင် ငွေကျပ် ၄၂၄ ကျပ်ဖြစ်သည်။

## ရမည်းသင်းခရိုင်၌ ပဲစင်းငုံသီးနှံများ အောင်မြင်ဖြစ်ထွန်း

ရမည်းသင်း ဇွန် ၂၈



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၌ ပဲစင်းငုံကို နှမ်း သို့မဟုတ် နေကြာစိုက်ခင်းများအကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိကြောင်း၊ ပဲစင်းငုံကို ဇွန်လဆန်းတွင် သီးညှပ်အနေဖြင့် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းကြောင်း၊ စိုက်ပျိုးသော ပဲစင်းငုံမျိုးများမှာ သက်ကြီးနှင့် သက်ငယ်မျိုးများဖြစ်၍ သက်ကြီးမျိုးမှာ စိမ်းဖြူရောင်ဖြစ်ပြီး သက်ငယ်မျိုးမှာ အနီရောင်ဖြစ်ကြောင်း၊ ပဲစင်းငုံအထွက်နှုန်းအနေဖြင့် သက်ကြီးမျိုးမှာ အထွက်နှုန်းပိုသော်လည်း သက်ငယ်မျိုးမှာ ဈေးနှုန်းပိုမိုရရှိကြောင်း သိရသည်။

ယခင်နှစ်က ပဲစင်းငုံတစ်ဧက ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၅၀၀၀၀–၃၀၀၀၀၀ အထိ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တင်း ၁၅–၂၀ အထိထွက်ရှိကြောင်းနှင့် ရာသီချိန်ပဲစင်းငုံဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀–၆၀၀၀၀ အထိ ဈေးရရှိသဖြင့် ပဲစင်းငုံစိုက်ပျိုးတောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀–၅၀၀၀၀၀ အထိ အကျိုးအမြတ်များရရှိကြောင်း သိရသည်။ ယခုနှစ် ပဲစင်းငုံဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀–၈၀၀၀၀ အထိရှိရာ ယခင်နှစ်နှင့် ယခုနှစ်ကာလတူ နှိုင်းယှဉ်လျှင် ပဲစင်းငုံဈေးနှုန်း မြင့်တက်လာသဖြင့် ပဲစင်းငုံစိုက်တောင်သူများ အကျိုးအမြတ်များစွာရရှိသည့်အတွက် ယခုလက်ရှိအချိန်တွင် ပဲစင်းငုံသီးနှံကို ပိုမိုစိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တော ဇွန် ၂၈

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ဇွန်လလျာထားချက်မှာ ပို့ကုန် ဒေါ်လာ တစ်သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၃ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၀၃ သန်းဖြစ်ပြီး ဇွန် ၁ ရက်မှ ဇွန် ၂၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ သုည ဒသမ ၃၆၈ သန်း၊ သွင်းကုန် ဒေါ်လာ သုည ဒသမ ၀၁ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ သုည ဒသမ ၃၇၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး ၁၀ တန်၊ အုန်းသီး ၁၃ တန်၊ ဆီးသီးခြောက် ၆၃ ဒသမ ၃ တန်၊ ချင်း(အစို) ၁၀၁၁ ဒသမ ၅ တန်၊ တညင်းသီး ၁၁၆ တန်၊ နနွင်းတက် ငါးတန်၊ ရေထွက်ပစ္စည်းမှ ငါးခေါင်းပွ နှစ်တန်၊ ပုစွန်ခြောက် သုည ဒသမ ၅ တန်၊ ငါးစုံလေးခြောက် လေးတန်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ် အစုံ ၄၉၀၀၊ အဝတ်အထည် သုည ဒသမ ၅ တန်၊ ချည်လုံးချည် ၁ ဒသမ ၉ တန်၊ သနပ်ခါးခဲ ၁၁ တန် တင်ပို့ခဲ့သည်။ သွင်းကုန်အနေဖြင့် ပလတ်စတစ်ပိုက် သုည ဒသမ ၅ တန်၊ ပလတ်စတစ်ရေတိုင်ကီ ၃၇ ခု၊ လက်နှိပ်ရေတုံကင် (Water Hand Pump) အခု ၂၀၊ သတ္တုရေတကောင်း (Aluminium Water Pot) ၁ ဒသမ ၁ တန်၊ အမျိုးသားဝတ် တီရှပ်အထည် ၃၅၀၀ တို့ တင်သွင်းခဲ့သည်။

### ၂၈–၆–၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၅၀၀ | ၁၀၀၀ | ၈၃၀၀ | ၆၈၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၈၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၂၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၈၆၀၀ | ၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၆၀၀ | ၇၅၀၀ | ၄၆၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၈၀၀ | ၆၅၀၀ | ၄၉၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၅၅၀ | ၃၁၅၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၇၇၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၇၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၇၈၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၇၇၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၈၀၀ | ၇၈၀၀ | | ၉၀၀၀ | ၆၀၀ | ၈၃၀၀ | ၆၈၀၀ | ၃၂၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၈၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ပြည်တွင် ၃၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀ကျပ်၊ မုံရွာနှင့် ပဲခူးတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၆၀၀ကျပ်၊ မန္တလေးတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မန္တလေးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၁၂၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပြည်တွင် ၅၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ နီလာ (၁)လမ်း၊ မြေကွက်အမှတ် (၆၇၆) ဟုခေါ်တွင်သော ဦးဇေယျာဝင်း [၁၄/ဇလန(နိုင်)၀၈၃၅၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ မခွဲမစိတ်ရသေးသော ဂရန်(မူရင်းခြမ်း)၊ မြေကွက်အမှတ် (၆၇၉)နှင့်ကပ်လျက်အခြမ်း၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးစောဇီးနပ် [၁၂/အစန(နိုင်)၁၈၇၅၃၃]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းမြင့် [၁၂/ဥကတ(နိုင်)၀၄၇၇၀၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၇၆၆)**
**အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၄၁၅၃၄၇၄**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့ (၄)ရပ်ကွက်၊ အောင်ချမ်းသာလမ်းမကြီး၊ အိမ်ရာကွက် အမှတ်– ကဆ–၁၅၊ ဦးစိုးသိမ်းအမည်ပေါက် အလျား(၄၀)ပေ x အနံ(၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေး [၁၂/မဘန(နိုင်)၀၀၆၄၆၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင် [၈/မကန(နိုင်)၀၀၈၃၄၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမောင်မောင်** | **ဦးသီဟအောင်(LLB)** |
| **၈/မကန(နိုင်)၀၀၈၃၄၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၁၀)** |

**အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။**
**၀၉–၄၂၅၀၁၅၄၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အိမ်အမှတ် (၄၆၅/က)၊ အကျယ်အဝန်း (၂၀'x၆၀') မြေချပါမစ် မြေကွက်အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်တာဝန်ရှိသူ ဒေါ်တင်မိုးဆွေ [၁၂/လသယ(နိုင်)၀၃၀၄၀၆] ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ သဘောတူသည့်အလျောက်ကျွန်တော် ဦးမျိုးအောင် [၉/မခန(နိုင်)၀၅၀၈၅၆] ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား စာရွက်စာတမ်း စာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးအောင်**
**ဖုန်း–09-798874725**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊အုတ်ဖိုစုရပ်ကွက်၊TTEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(4)မှဦးတင်လင်းအောင် (၁၂/သခန(နိုင်)၀၉၆၂၁၅)၏သမီး မလင်းယမုံဖူးသန့်အား မမေဖူးအိမ့်ချစ် ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ (၂) ရပ်ကွက်၊ ရွှေနံ့သာ (၂) လမ်းနေ မဆုလတ်ရတနာ၊ မောင်ဟိန်းထက်ဇံတို့၏ ဖခင်အမည်မှန်မှာ ဦးသူရ [၁၂/မရက(နိုင်)၁၁၅၅၆၁] ဖြစ်ပါကြောင်း။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် (၅၈)နေ (ဘ) ဦးဘလွင်၏သား နိုင်ငံသားကတ်အမှတ် [၁၂/ကမတ(နိုင်)၀၁၈၇၃၄] ကိုင်ဆောင်သူ ဦးမြင့်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်–၁)၊ မြေကွက်အမှတ်(၁၃၁)၊ ဧရိယာ (၀.၆၉၆) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၃)ရပ်ကွက်၊ (စက်မှုဇုန်–၁)၊ မြစ်ကြီးနားလမ်း၊ အမှတ်(၁၃၁) ဟုခေါ်တွင်သော အဆောက်အဦတို့ကို ဦးမြင့်စိုးနှင့် ၎င်း၏ဇနီး ဒေါ်ခင်လှမြိုင်တို့က (၁၄–၉–၂၀၁၃)ရက်နေ့မှ စတင်၍ လက်ရှိထား အကျိုးခံစားလျက်ရှိကြောင်း၊ ၎င်းမြေကွက်နှင့် အဆောက်အဦတွင် "Bless" အမည်ဖြင့် အထည်ချုပ်စက်ရုံကို သက်ဆိုင်ရာအစိုးရဌာနများ၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ထိုစဉ် အတွင်း ဒေါ်ခင်လှမြိုင်ကွယ်လွန်ခဲ့ကြောင်း၊ ထိုသို့ အထည်ချုပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိနေစဉ် (၇–၂–၂၀၂၃)ရက်နေ့ နံနက်ပိုင်းခန့်က ဒေါ်သင်းစုလှိုင် [၉/မနမ(နိုင်) ၀၅၉၉၆၄]တို့ လာရောက်ခဲ့ရာ ဦးစိုးသူနှင့် စကားများကြပြီး ခြိမ်းခြောက်နှင်ထုတ်ခဲ့သဖြင့် ဦးမြင့်စိုးက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းသို့ တိုင်ကြားခဲ့ရာ ၎င်းရဲစခန်းက ဒေါ်သင်းစုလှိုင်တို့အပေါ် ပထမသတင်းပေးတိုင်ချက်အမှတ် (ပ)၉၉/၂၀၂၃၊ ရာဇသတ်ကြီး ပုဒ်မ–၅၀၆/၃၄၁/၄၄၈ တို့အရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရပါသည်။

ထို့ပြင်ဖော်ပြပါမြေကွက်နှင့် အဆောက်အဦတို့နှင့်ပတ်သက်၍လည်း ဦးမြင့်စိုးက ဒဂုံမြို့သစ်ခရိုင်တရားရုံး တွဲဖက်ခရိုင်တရားသူကြီး(၂)ရုံးတွင် တရားမကြီးမှုအမှတ် (၂၆၂/၂၀၂၂)ဖြင့် တရားစွဲဆိုခဲ့သော်လည်း ပလပ်ခြင်းခံရသဖြင့် ဦးမြင့်စိုးက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပထမအယူခံမှု အမှတ် (၄၅/၂၀၂၃)ဖြင့် တက်ရောက်ခဲ့ရာ ၎င်းအယူခံမှုကို အပြီးသတ်ကြားနာရန် အတွက် လိုအပ်သည်များကို ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ အဆိုပါ အယူခံမှုတွင် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(ကမာရွတ်ဘဏ်ခွဲ) သည် အယူခံ တရားပြိုင်တစ်ဦးအဖြစ်ပါဝင်ကြောင်းလည်း သိရှိရပါသည်။

သို့သော် အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်(ကမာရွတ်ဘဏ်ခွဲ) က ဒေါ်သင်းစုလှိုင်နှင့် ဦးကျော်ကျော်အောင်တို့ထံမှ ရရန်ရှိသော အပေါင်ချေးငွေ များအတွက် ၎င်းတရားရုံးက ဇာရီမှုအမှတ်(၁၂၅/၂၀၂၂)၊ အမှုပါအတိုင်း ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦတို့ကို (၃၀–၆–၂၀၂၃)ရက်နေ့တွင် လေလံတင်ရောင်းချ မည်ဟု နေ့စဉ်ထုတ်သတင်းစာတွင် ကြေညာခဲ့သည်ကိုသိရှိရကြောင်း၊ သို့ရာတွင် ဦးမြင့်စိုးက အထက်ပါအတိုင်း ၎င်းလက်ရှိဖြစ်ခဲ့သော ဖော်ပြပါမြေကွက်နှင့် အဆောက်အဦတို့နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံတင်သွင်းထားခြင်း၊ ဒေါ်သင်းစုလှိုင်တို့အပေါ်ကိုလည်း ဦးမြင့်စိုးက ဖော်ပြပါ အတိုင်း ကျူးကျော်မှု၊ ခြိမ်းခြောက်မှု၊ မတရားတားဆီးကန့်ကွက်မှုတို့ဖြင့် အမှုဖွင့် တိုင်ကြားထားခြင်းများကို ဆောင်ရွက်ထားပါသဖြင့် ဖော်ပြပါမြေကွက်နှင့် အဆောက်အဦကို လေလံတင်ရောင်းချမည့်ကိစ္စအား ဦးမြင့်စိုးက ကန့်ကွက် ပါကြောင်း ဦးမြင့်စိုး၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးမြင့်စိုး၏လွှဲအပ်ညွှန်ကြားမှုအရ–**
**ဦးထွန်းမြင့်**
**အထက်တန်းရှေ့နေ (စဉ်–၁၅၅၉၆)**
**အမှတ်– ၅၉၁၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၄၈၆၅၇၃၂၀**

## အမှားပြင်ဆင်ချက်

၂၁–၅–၂၀၂၃ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၃၀)ပါ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၀)၊ မြေကွက်အမှတ် (၂/ခ) တွင် ဒေါ်တင်ရွှေဝင်း၏ မှတ်ပုံတင် အမှတ်အမှန်[၈/မဘန(နိုင်)၀၀၃၇၄၀] ဟုလည်းကောင်း ဦးသိန်းဇော်တင့် မှတ်ပုံတင် အမှတ်အမှန်[၈/မဘန(နိုင်) ၁၀၄၈၆၁] ဟုလည်းကောင်း ပြင်ဆင် ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၁–၆–၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ– ၂၅ တွင် ပါရှိသည့် အထက်တန်းရှေ့နေ ဒေါ်ခင်အေးဝင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်တွင် ဝယ်ယူသူ ဦးကျော်ကျော်လွင်၊ မအေးသီရိဆွေတို့၏ ဝယ်ယူထားသောတိုက်ခန်း အလွှာအမှတ် ဆဋ္ဌမထပ် (၇)လွှာအစား၊ သတ္တမထပ် (၈)လွှာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဥတုရာသီ တောကို မှီ၏

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း အသင်းသူ၊အသင်းသားများနှင့် အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟိုနှင့်တကွ အောက်ဖော်ပြပါ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အလုပ်အမှုဆောင်၊ အမှုဆောင်များ၏ လွှဲအပ်တာဝန်ပေးချက်အရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း အသင်းသူ၊ အသင်းသားများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဗဟိုအလုပ်အမှုဆောင်မှ ထုတ်ပယ်ထားသော ဦးသန်းဦး နှင့် ဒေါ်မို့မို့အောင်တို့ နှစ်ဦးသည် ၈–၆–၂၀၂၃ ရက်နေ့တွင် ကျန်အဖွဲ့ဝင်အချို့ကို ခေါ်ယူ၍ UMFCCI တွင် အစည်းအဝေး ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးကျင်းပခြင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင် အိမ်ခြံမြေဝန်ဆောင်မှုအသင်းများ၏ ဆန္ဒသဘောထားမပါဘဲ ၎င်းတို့လူတစ်စု၏ ဆန္ဒသဘောသာဖြစ်ပါ သည်။ ထို့ကြောင့် အောက်ဖော်ပြပါ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟိုနှင့်တကွ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အသီးသီးတို့မှ အလုပ်အမှုဆောင်၊ အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများအနေဖြင့် အဆိုပါအစည်းအဝေးနှင့် ဆုံးဖြတ်ချက်မှန်သမျှကို လုံးဝ(လုံးဝ) သဘောမတူပါကြောင်းနှင့် ယခုအသင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဦးခင်မောင်သန်းကိုသာလျှင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟို၏ဥက္ကဋ္ဌအဖြစ် အသိအမှတ်ပြုပါကြောင်း လွှဲအပ်တာဝန်ပေးချက်အရ အများသိစေရန် ကြေညာအပ် ပါသည်။

| | |
|---|---|
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ရန်ကုန်တိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(တနင်္သာရီတိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဧရာဝတီတိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ပဲခူးတိုင်း–အနောက်)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်း–ပြင်ဦးလွင်)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ကချင်ပြည်နယ်)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ကရင်ပြည်နယ်–ဘားအံ)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ကရင်ပြည်နယ်–မြဝတီ)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ကယားပြည်နယ်)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ရှမ်းပြည်နယ်–တောင်ပိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ရှမ်းပြည်နယ်–မြောက်ပိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |
| **မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ရှမ်းပြည်နယ်–အရှေ့ပိုင်း)** | **အလုပ်အမှုဆောင်၊အမှုဆောင်များ** |

**ရန်ကုန်မြို့**
**၂၀၂၃ခုနှစ်၊ဇွန်လ(၂၇)ရက်**

**လွှဲအပ်တာဝန်ပေးချက်အရ–**
**ဦးသက်ကိုကို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၆၄/၂၀၁၉)**
**အမှတ်– ၇၀၁၊ မြရတနာ ၅ လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၈၇၉၄၄၉၂၇၊ ၀၉–၉၄၅၆၀၈၀၀၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၅–၆–၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၁)တွင် ပါရှိသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၄၊ မြေကွက် အမှတ်– ၅၉၁၊ ဧရိယာ (၀.၀၅၅)ဧက၊ (၄၀ပေx၆၀ပေ)၊ (၂၄၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်– ၅၁၉၊ ရွှေစင် (၇)လမ်း၊ ၄၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင် သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ပါ ဒေါ်လဲ့လဲ့ဝင်း တရားလွှတ်တော်ရှေ့နေ စဉ်(၁၄၁၃၂)၏ ကြော်ငြာတွင် မြေကွက်အမှတ်–၅၉၁ အစား မြေကွက်အမှတ်– ၅၁၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မရမ်းကုန်းခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၀
## ကွယ်လွန်သူ ဦးသန်းနွဲ့ နှင့် ဒေါ်သန်းတင်တို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် (၃၄)ရပ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းနွဲ့နှင့် ဒေါ်သန်းတင်တို့၏ ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၄) ရပ်နေ ဒေါ်ဥမ္မာနွဲ့က အမွေဆက်ခံခြင်းအက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းနွဲ့နှင့် ဒေါ်သန်းတင်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၇)ရက် (၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခု မိန့်ကြားဆင့်ဆို လိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်ဥမ္မာနွဲ့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်နိုင်ဝင်း)**
**ခရိုင်တရားသူကြီး**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက် ၊ ထီးတန်း(၃)လမ်း၊ အမှတ်– ၁၆၊ မြေညီထပ်၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးဘိုချား [၁၂/ကမရ(နိုင်)၀၁၆၇၀၆]နှင့်ဒေါ်ကြူကြူသင်း [၁၂/ဒလန(နိုင်) ၀၁၄၈၂၉] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ခင်လေးဇင်(ခ)ကြည်မီဖောင် [၁၂/လသန(နိုင်)၀၀၂၁၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးသူရိန်မြင့် LL.B (စဉ်–၉၅၂၁/၂၀၁၃ခုနှစ်)** | **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L(စဉ်–၁၂၈၁၈/ ၂၀၁၇ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း –၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**




## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅/သမိုင်း)၊ မြေကွက်အမှတ်-၁၀-ဇ^၁-၂၊ အကျယ်အဝန်းဧရိယာ(၀.၀၉၃)ဧကရှိ မြေပိုင်မြေ အိမ်ရာမြေရပြီးမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၃၃/ဘီ)၊ ပျော်ဘွယ်လေးကြိုးစက်လမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော ဦးလင်းကြည် [၁၂/ဗတထ(နိုင်)၀၃၁၃၃၇] + (၁)ဦးတို့၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိန်မောင် [၁၂/ဗတထ(နိုင်)၀၂၃၁၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ချောင်းဖြူကျေးရွာအုပ်စု၊ ချောင်းဖြူကျေးရွာနေ အဖ ဦးစိုးတင့်၏သမီး ကျွန်မ မနန္ဒာစိုး[၈/ငဖန(နိုင်)၀၄၉၂၂၆]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB-940984)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၆၅၂၅၈၈၅၉၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပေကုန်းကျေးရွာအုပ်စု၊ ပေကုန်းကျေးရွာနေ အဖ ဦးငွေလွင်၏သား ကျွန်တော် မောင်အောင်ကြည်စိုး [၈/ငဖန(နိုင်)၀၄၇၈၀၇]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB-941543)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၄၀၇၂၀၄၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၇၃၈/က) ဟုခေါ်တွင်သော (အလျား၂၀ပေ x အနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်စိန်ငွေး အမည်ပေါက်မှတ်သားတည်ရှိသည့် ပါမစ်(မူရင်း)မြေကွက်ကို ယခုလက်ရှိပိုင်ဆိုင်ထားသူ ဦးမောင်ပေါ [၁၂/ဗဟန(နိုင်)၀၅၂၁၂၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်နိုင် [၉/ပဘန(နိုင်)၁၅၁၆၄၇]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ မည်သူမဆို (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်အေးစုကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၆)**
**ဖုန်း-၀၉-၄၃၁၇၁၆၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော မြေအကျယ် ပေ(၄၀ x ၆၀)**(ဂရန်)** မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကျော်ကျော်စိုး[၁၃/လရန(နိုင်)၀၈၃၉၇၇]**အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသူ **ဦးကျော်ကျော်စိုး[၁၃/လရန(နိုင်)၀၈၃၉၇၇]မှ** မိမိသာလျှင် လက်ဝယ်ထားပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝါ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးသန်းတင့်ဆွေ[၁၂/ဗတထ(နိုင်)၀၄၁၆၆၉]၏ သမီး မလင်းလက်မှူးအိမ် အား မထက်ကြယ်စင်အောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်ကြယ်စင်အောင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် (၁၅၀၉)ဟုခေါ်တွင်သော မြေအကျယ်ပေ(၄၀x၆၀)**(ပါမစ်)** မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်မြမေ(စီဂျီ-၀၆၁၂၅၈)**အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသူ **ဦးအောင်ကျော်စိုး[၁၂/ဥကမ(နိုင်)၁၆၀၀၃၄]မှ** မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၅၉၀)၊ ဧရိယာ(၀.၁၅၅)ဧကရှိ ဒေါ်ကြည်ညွန့်အမည်ပေါက်မြေကွက်အား ဒေါ်ခင်သီရိထွန်း(ခ)သီရိထွန်း၊ [၁၂/ဒဂန(နိုင်)၀၂၇၉၇၄]မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ရတနာလမ်း၊အမှတ်(၃၅၁)၊ မြေညီထပ်၊အလျား၁၉ပေxအနံ၆၀ပေအကျယ်ရှိရေ၊မီးစုံလင်စွာပါရှိသည့်တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဦးမြတ်သူ(၁၂/ဗဟန(နိုင်)၀၉၄ရ၁၁)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ပိုးအိဖြူ
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၂၅)
LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)
Ph : 09- 5080073 ,09-765080073,09- 40809 8822 ,09- 40923 8877
အမှတ်(1-A/2 )၊မြသီတာအိမ်ရာ၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

အဖ - ဦးကြည်ဝင်း၏သား ဦးကျော်စွာဝင်း [၁၂/ရကန(နိုင်)၀၈၄၇၂၄] နှင့် အဖ - ဦးဝင်းမော်၏သမီး ဒေါ်နိုင်ထက်အောင်[၁၄/မအပ(နိုင်)၂၀၄၈၆၇]၊ အမှတ်(၄/၃/၈၅)၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၂)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် (၁၀၀၅/ခ)(ခေါင်းရင်းခြမ်း)၊ ဒေါ်လှိုင် ပါမစ်(မူရင်း)အမည်ပေါက် ဟုခေါ်တွင်သော (အလျား ၁၅ပေ x အနံ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်အဆောက်အဦနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ လက်ဝယ်တွင်ရှိပါသည်။ အဆိုပါမြေကွက်ရှိနေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စွာဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်နိုင်ထက်အောင်တို့မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ တစ်ဆင့်ပြန်လည်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ ငှားရမ်းထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာဝင်းနှင့်ဒေါ်နိုင်ထက်အောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေဇာမိုး ( LL.B , D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ် -၃၄၄၀၂)**
**အမှတ်( ၂၇၀/က-ခ)၊ တပင်ရွှေထီးလမ်း၊**
**ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၂၀၈၇၂၉၀၊ ၀၉-၆၆၅၂၁၀၂၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

